**MAS EDUCATION CENTER**
No. 184-186, 2nd floor, 45th St., Botahtaung Township, Yangon, Myanmar.
Phone : (95) 977 9922 385, 977 9922 386
Email : info@mas-education.com
Website : www.mas-education.com

## ခွဲခြားဆက်ဆံမှု တားဆီးရေးနှင့်မျှတသော အလုပ်အကိုင် အခွင့်အလမ်းရရှိရေး မူဝါဒ

**MAS** သည် ပြဋ္ဌာန်းဥပဒေပါ ခွဲခြားဆက်ဆံခြင်းနှင့် သက်ဆိုင်သော အချက်များကို အပြည့်အဝ လေးစား လိုက်နာရန် ရည်ရွယ်၍ အဆိုပါမူဝါဒကို ရေးဆွဲပါသည်။ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ မတူညီသော ပါတီအသင်းဝင်ဖြစ်ခြင်း၊ အိမ်ထောင်ရှိမရှိနှင့် လိင်ကွဲပြားခြင်းအစရှိသည်တို့မှ ခွဲခြားဆက်ဆံခြင်းများကို တားဆီးနိုင်ရန်ဖြစ်ပါသည်။

**MAS** ၏ အဆိုပါ မူဝါဒသည် သင်တန်းသားများနှင့် ဝန်ထမ်းများကို ခွဲခြားဆက်ဆံခံရခြင်းမှ တားဆီးကာကွယ် ပေးမည်ဖြစ်ကြောင်း ကတိထား၍၊ အထူးသဖြင့် အရေးကြီးသော ဆုံးဖြတ်ချက်များဖြစ်သည့် ခံစားခွင့် တိုးပေးခြင်း၊ ရာထူးတိုးခြင်း၊ ရာထူးချခြင်း၊ အလုပ်နေရာပြောင်းခြင်း၊ ဝန်ထမ်းအင်အား တိုးခြင်း၊ ကြော်ငြာ ခြင်း၊ အလုပ်တာဝန်မှနားခြင်း၊ အလုပ်မှဖြုတ်ခြင်း၊ လုပ်ခလစာ၊ လျော်ကြေးပေးခြင်း နှင့် သင်တန်းပေးခြင်း ၊ အလုပ်သင်ခန့်ခြင်းတို့သည် သက်ဆိုင်ရာတစ်ဦးချင်း၏ အရည်အသွေးနှင့် တိကျသော အကျိုးအကြောင်း တို့ကို မူတည်၍ ဆုံးဖြတ်သွားပါမည်။ အထက်ဖော်ပြပါ ခွဲခြားဆက်ဆံမှုများမရှိဘဲ အချင်းချင်း အပြန်အလှန် နားလည်မှု ၊ စာနာမှု ၊ သည်းခံမှုတို့ဖြင့် သော်လည်းကောင်း၊ MAS၏အုပ်ချုပ်ရေးပိုင်းမှ ဝန်ထမ်းရာထူး အဆင့်ဆင့်တို့ကြား အပြန်အလှန်ကူညီဖေးမမှုဖြင့်သော်လည်း အထက်ဖော်ပြပါ ခွဲခြားဆက်ဆံခြင်းများကို တားဆီးကာကွယ်ရပါမည်။

ယခုစာတမ်းပါ **‘MAS’** ဟူသောအသုံးအနှုန်းသည် **‘Management & Accountancy School’** ကိုရည်ရွယ်ပါသည်။

ထို့အပြင် MAS သည်

- ဝန်ထမ်းများ၏ ကိုယ်စီအစွမ်းအစများကို အကျိုးရှိစွာ အသုံးပြုခြင်း ၊ တိုးတက်အောင်မြှင့်တင်ပေးခြင်း။
- ခွဲခြားဆက်ဆံခြင်း မရှိသောလုပ်ငန်းခွင်ကို ရရှိရန် လိုအပ်သည် ဟူသောအသိတရားကို ဝန်ထမ်းများကြား ပိုမိုနားလည်စေခြင်း။
- လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခြင်းခံနေရသူ ရှိခဲ့ပါကလည်း လိုအပ်သော ကူညီဖေးမမှုတို့ကို တာဝန်သိစိတ်ဖြင့် ကူညီအားပေးကြရန် တိုက်တွန်းခြင်း။ အစရှိသည်တို့ကိုလည်း လုပ်ဆောင် သွားပါမည်။

**ဝန်ထမ်းခန့်အပ်ခြင်းဆိုင်ရာ ကျင့်ဝတ်**

အဆိုပါ ကျင့်ဝတ်အရ အလုပ်လျှောက်ထားသူ အားလုံးသည် မျှတသော စီစစ်ရွေးချယ်မှုအောက်တွင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည် ဖြစ်ပါသည်။